တရားမဆိုင်ရာ(စီရင်ချက်ပုံစံ)၁၃၁။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၀၈

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၂၀၁၇ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၇၁ တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့က ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူခံမှု

| | | |
|---|---|---|
| ၁။ ဦးအုန်းစံ | နှင့် | ၁။ ဒေါ်ခင်ကြည် |
| ၂။ ဒေါ်ညိုညို | | ၂။ ဦးဝင်းမောင် |
| ၃။ မမို့မို့ | | |
| ၄။ ကိုဟန်မင်းသူ | | |
| **အယူခံတရားလိုများ** | | **အယူခံတရားပြိုင်များ** |

အယူခံတရားလိုများအတွက် - ဦးတင်ထွန်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဒေါ်စမ်းသီတာခိုင်၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

ပုသိမ်ခရိုင်တရားရုံးတွင် ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၉ ဖြင့် ဒေါ်ခင်ကြည် ပါ ၂ ဦး က ဦးအုန်းစံ ပါ ၄ ဦး အပေါ် ကြိုတင်အပ်နှံထားသည့် စပါးတင်း ၂၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ (သို့မဟုတ်) ကာလပေါက်ဈေးငွေ စပါး တင်း ၂၀၀၀ အတွက် ၁၀၀၀၀၀၀၀ိ/- နှင့် မတ်ပဲ တင်း ၁၀၀ အတွက် ၅၀၀၀၀၀ိ/- စုစုပေါင်း ငွေ ၁၅၀၀၀၀၀ိ/- ရလိုကြောင်းစွဲဆိုရာ တရားလို တောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်သဖြင့် ဦးအုန်းစံတို့က ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၇၁ ဖြင့် တင်သွင်း လျှောက်ထားရာ အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး မတ်ပဲတင်း ၁၀၀ အတွက် ငွေကျပ် ၂၅ သိန်း နှင့် စပါးတင်း ၂၀၀၀ အတွက် ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ် ၁၂၅ သိန်းကို စရိတ်နှင့်တကွ ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့သည်။ အဆိုပါ စီရင်ချက် နှင့် ဒီကရီကို ဦးအုန်းစံ ပါ ၄ ဦးက မကျေနပ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့ ဤအယူခံမှုကို လျှောက်ထားလာခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားပြိုင်များသည် စပါး၊ပဲများ လိုက်လံဝယ်ယူခြင်း၊ စပါး ပဲ ကြိုတင်အပ်နှံခြင်းတို့ကို မိသားစုလိုက် လုပ်ကိုင်ကြောင်း၊ ၂၀၁၃ ခုနှစ် ၁ လပိုင်းခန့်က (၁) (၂) တရားပြိုင် လင်မယားနှစ်ဦး ရောက်လာပြီး စပါး၊ ပဲများ ဈေးကောင်းပေးဝယ်မည်၊ အပ်နှံလိုက အပ်နှံနိုင်သည် ဈေးဖြတ်သည့်အခါ အခြားဒိုင်များထက် ဈေးပိုဖြတ်ပေးမည်ဟု ပြောဆိုသည်ကို ယုံကြည်သဖြင့် (၂) တရားလိုသည် မုရင်းစပါး တင်း ၃၀၀ကို ထိုနှစ် ၄ လပိုင်း ကုန်လျှင် ဈေးဖြတ်မည်ဟု သဘောတူညီကာ ၃-၂-၂၀၁၃ ရက်နေ့က ပေးအပ်ခဲ့ရာ တရားပြိုင်များက ချင်တွယ်ယူပြီး ဘောက်ချာ ရေးပေးကြောင်း၊ ၁၉-၂-၂၀၁၃ ရက်နေ့တွင် ရွှေဝါလေးစပါး ၂၅၄ တင်းခွဲ ထပ်မံအပ်နှံလိုကြောင်းပြောရာ စပါးအမျိုးအစားချင်းတူအောင် မုရင်းစပါးဈေးဖြင့် တွက်၍ မုရင်းစပါး တင်း ၄၀၀ အဖြစ် မှတ်သားအပ်နှံကြောင်း၊ ထိုစပါးများအတွက် ၄ လပိုင်း တွင် ဈေးဖြတ်ရမည် ဖြစ်သော်လည်း ဈေးတက်လာနိုင်ကြောင်း တရားပြိုင်များက ပြောဆို သဖြင့် ဈေးမဖြတ်သေး ဘဲထားကြောင်း၊ ၂၈-၁-၂၀၁၄ ရက်နေ့ တွင်လည်း လုံးကြီးစပါး တင်း ၃၀၀ အပ်နှံခဲ့ရာ မုရင်းစပါး တင်း ၅၀၀ အဖြစ် တန်ဖိုးသင့် မှတ်သားခဲ့ကြောင်း၊ ၃၁-၁-၂၀၁၄ ရက်နေ့က မတ်ပဲတင်း ၁၀၀ အပ်နှံခဲ့ရာတွင်လည်း ၃ လပိုင်း ကုန်လျှင် ဈေးဖြတ်မည်ဟု သဘောတူခဲ့ကြောင်း၊ ၃-၂-၂၀၁၄ ရက်နေ့ တွင် မုရင်းစပါးတင်း ၅၀၀ကို ၇ လပိုင်းကုန်လျှင် ဈေးဖြတ်မည်ဟု သဘောတူ အပ်နှံခဲ့ကြောင်း၊ တရားလိုများ ရရန်ရှိသော ငွေ ၈၁၀၀၀ဝိ/-ကို စပါးတင်း ၃၀၀ အပ်နှံမှု အဖြစ် ၁၅-၂-၂၀၁၄ ရက်နေ့က သတ်မှတ်ကြောင်း၊ စုစုပေါင်း စပါးတင်း ၂၀၀၀၊ မတ်ပဲတင်း ၁၀၀ တို့ကို ဈေးဖြတ်ရန် ပြောသည့်အခါ အကြောင်းအမျိုးမျိုးပြ၍ ရွှေ့ဆိုင်းနေသဖြင့် စွဲဆိုကြောင်းဖော်ပြ သည်။

ချေလွှာတွင် စပါးတင်း ၁၀၀ လျှင် ၂၅၀၀၀ဝိ/- နှင့် တင်း ၃၀၀ အတွက် ၇၅၀၀၀ဝိ/- ကို မုရင်းစပါးပေါ်ချိန်တွင် မုရင်းစပါးပေါက်ဈေးအတိုင်း ပေးချေရန် သဘောတူပြီး ငွေယူခဲ့ခြင်း ဖြစ်ကြောင်း၊ ရွှေဝါလေးစပါး ၂၅၄ တင်းခွဲအတွက် ၁၁၄၅၂၅ဝိ/- ယူပြီး မုရင်း တင်း ၄၀၀ အဖြစ် သတ်မှတ်ကာ ငွေ ၁၁၀၀၀၀ဝိ/- မှတ်သားကြောင်း၊ ယင်းငွေအနက် ၂၈-၁-၂၀၁၄ ရက်နေ့တွင် ငွေ ကျပ် ၇၀၀၀၀၀ ပေးပြီးဖြစ်၍ ၄၀၀၀၀ဝိ/-သာ ကျန်ကြောင်း၊ (၂) တရားလို ဦးဝင်းမောင် ထံမှ တရားပြိုင်များ ရရန်ရှိသော ငွေ၅၂၇၀၀ဝိ/- နှင့် ခုနှိမ်လျှင် တရားလိုများ ထံက ၁၂၇၀၀ဝိ/- ရရန် ကျန်ကြောင်း၊ မုရင်းစပါး တင်း ၅၀၀ ဖိုးမှာ ၂ ဖက် ရှင်းလင်းပြီး ကြောင်း၊ မတ်ပဲတင်း ၁၀၀ အတွက် ပြန်ပေးရမည့် ငွေမှာ ၂၅၀၀၀ဝိ/- ဖြစ်ပြီး ၁၀-၆-၂၀၁၄၊ ၁၅-၆-၂၀၁၄၊ ၂၆-၆-၂၀၁၄၊ ၁၅-၇-၂၀၁၄၊ ၂၅-၇-၂၀၁၄ ပြေစာများအရ ရှင်းလင်းပြီးဖြစ်ကြောင်း၊ စပါးတင်း ၂၀၀၀ တွင် တရားလိုများက တရားပြိုင်များထံမှ ပဲမျိုးများယူပြီး ပေးဆပ်ရန် ကျန်သည့်ငွေများ၊ ဓါတ်ဆား အကြွေးဝယ်ယူပြီး မပေးရသေးသည့်စာရင်းများကို ခုနှိမ်ရှင်းလင်းပါက တရားပြိုင်များက ၃၁၂၅၀ဝိ/- ရရန် ရှိကြောင်း၊ စာရင်းရှင်းလင်းရခြင်း မရှိသေးဘဲ စွဲဆိုသဖြင့် စွဲဆိုပုံမှားယွင်း ကြောင်း ဖော်ပြချေဆိုသည်။

မူလ ပုသိမ်ခရိုင်တရားရုံးက ငြင်းချက် ၃ ရပ်ထုတ်နုတ်ခဲ့ပြီး တရားလိုတို့သည် တရားပြိုင်များထံ ကြိုတင်အပ်နှံထားသည့် စပါးတင်း ၂၀၀၀ နှင့် မတ်ပဲတင်း ၁၀၀ သို့မဟုတ် စပါးတင်း ၂၀၀၀ ၏ ကာလပေါက်ဈေးကျပ်သိန်း ၁၀၀ နှင့် မတ်ပဲ တင်း ၁၀၀ ၏ ကာလပေါက်ဈေး ကျပ် သိန်း ၅၀၊ စုစုပေါင်း ကျပ်သိန်း ၁၅၀ ရရန်ရှိသည်မှာ မှန်ကြောင်း၊

အစုစပ် လုပ်ငန်းသော်လည်းကောင်း၊ စပ်တူလုပ်ငန်းသော်လည်းကောင်း လုပ်ကိုင်ခြင်း မဟုတ်၍ စာရင်းရှင်းလင်းခြင်းမရှိဘဲ အမှုစွဲဆိုနိုင်သဖြင့် အမှုစွဲဆိုပုံမှားယွင်းခြင်း မရှိကြောင်း သုံးသပ်ကာ တရားလို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားပြိုင်များထံသို့ တရားလိုများ အပ်နှံခဲ့သော စပါးတင်းစုစုပေါင်းမှာ တင်း ၂၀၀၀ ဖြစ်ကြောင်း ပေါ်ပေါက်သည့် သက်သေခံချက်များ ရှိကြောင်း၊ တရားပြိုင်များဘက်က ရရန်ရှိကြောင်း တင်ပြချက်များ၌ အထောက်အထား မရှိသဖြင့် လက်မခံနိုင်ကြောင်း၊ မတ်ပဲ တင်း ၁၀၀ အတွက် ဈေး သတ်မှတ်ချက် တစ်စုံတစ်ရာ ဖော်ပြ မပါရှိသဖြင့် ငွေကျပ် ၂၅ သိန်းသာ ရထိုက်ကြောင်း သုံးသပ်ကာ အယူခံမှုကို တစ်စိတ်တစ်ဒေသ ခွင့်ပြုပြီး စုစုပေါင်းငွေကျပ် ၁၂၅ သိန်း ရထိုက်ကြောင်း ဒီကရီ ချမှတ်သည်။

အယူခံတရားလိုများ၏ ရှေ့နေက တရားလိုဘက်တင်ပြသော ဘောက်ချာများ၌ အချို့တွင် ငွေရှင်းလင်းပြီးကြောင်း ဖော်ပြထားပါလျက်ပြေစာပါ ငွေအားလုံးကို ရှင်းလင်းပေးချေခြင်းဟု မဆိုနိုင်ကြောင်း သုံးသပ်ခြင်းသည် မှားယွင်းကြောင်း၊ စပါးတင်း ၂၀၀၀ သည် လယ်ကြီးစပါး မဟုတ်ဘဲ မုရင်းစပါးများသာ ဖြစ်လျက် လယ်ကြီးစပါးတန်ဖိုးအတိုင်း သတ်မှတ်ဆုံးဖြတ်ခြင်းသည် လည်းကောင်း၊ စပါးများ ချင်တွယ် အပ်နှံခဲ့ခြင်းမရှိဘဲ စပါးပေး ပေးပြီး ငွေတိုးချေးစားခြင်းအပေါ် ဒီကရီချမှတ်ခြင်းသည်လည်းကောင်း၊ တရားပြိုင်ဘက် တင်ပြသော စာမှတ်စာတမ်းများကို လက်ခံသုံးသပ်မှု မပြုခဲ့ခြင်းသည် လည်းကောင်း မှားယွင်းသဖြင့် ပြင်ဆင်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက မူလ ပုသိမ်ခရိုင် တရားရုံးက စပါးတင်း ၂၀၀၀ နှင့် မတ်ပဲ တင်း ၁၀၀ တို့ အတွက် ငွေကျပ် သိန်း ၁၅၀ ပေးရန် ချမှတ်သော ဒီကရီသည် အမှုတွဲပါ သက်သေခံချက်များအရ မျှတ မှန်ကန်ကြောင်း၊ စပါး နှင့် ပဲ ကြိုအပ်သည့် ပြေစာများတွင် ဈေးဖြတ်မည့် လအလိုက် ရေးသားဖော်ပြထားချက်များ ပါရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က တရားလိုတင်ပြသော ဘောက်ချာ ၆ စောင် အနက် ၅ စောင်ကို လက်ခံ စဉ်းစားခဲ့ပြီး အပ်ပဲ ဘောက်ချာနှင့်စပ်လျဉ်း၍ ကျပ်သိန်း၅၀ ဟု မသတ်မှတ်ဘဲ ၂၅သိန်းသာ သတ်မှတ် ခွင့်ပြုခြင်းသည် ရှေ့နောက် မညီသော သုံးသပ်ချက် ဖြစ်ကြောင်း၊ တရားပြိုင် ၏ ချေလွှာ အပိုဒ် ၇ ၌ ပဲဈေး ၅သောင်း ဟု ဖော်ပြ ချေဆိုထားသည်ကို မျက်ကွယ်ပြု၍ သုံးသပ် ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းသဖြင့် မူလရုံးအမိန့် ပြန်လည် အတည်ပြုသင့်ကြောင်း တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ပြန်လှန်ကန့်ကွက်လွှာ တင်သွင်းပြီး လျှောက်ထားတင်ပြသည်။

တရားလိုနှင့်တရားပြိုင်တို့ စပါးနှင့်ပဲများအပ်နှံလက်ခံကြရာ၌ မုရင်းစပါး၊ ဧွှေဝါလေး စပါး နှင့် လယ်ကြီးစပါးဟု ၃ မျိုး ဖြစ်သည်။ အပ်နှံသည့်စပါးကို မုရင်းစပါး တစ်မျိုးတည်း အဖြစ် မှတ်သားနိုင်ရန် ဧွှေဝါလေးစပါး၊ လယ်ကြီးစပါးတို့အတွက် ကျသင့်သည့်ငွေကို မုရင်းစပါး တန်ဖိုးဖြင့် တွက်ချက်၍ မုရင်းစပါး တင်းရေအဖြစ် ပြောင်းလဲမှတ်သားကြောင်း နှင့် ထိုသို့ တွက်ချက်သဖြင့် ပိုငွေများရှိပါက ပိုသည့်ဘက်က ပြန်အမ်းပေးလိုက်ခြင်းဖြင့် လုပ်ငန်းလုပ်ကိုင်ကြကြောင်း တွေ့ရသည်။

ထိုသို့ စပါး ၊ ပဲ အပ်နှံသဖြင့် တရားပြိုင်များက တရားလိုများသို့ ထုတ်ပေးထားသော ဘောက်ချာများမှာ သက်သေခံ (က) မှ (က-၅) ထိ ဖြစ်သည်။ ၃-၂-၂၀၁၃ ရက်စွဲပါ သက်သေခံ (က) ပြေစာအရ (၂) တရားလို ဦးဝင်းမောင်က မုရင်းစပါး တင်း ၃၀၀ အပ်နှံသည်ဟု ဖော်ပြသည်။ ၁၉-၂-၂၀၁၃ နေ့စွဲပါ သက်သေခံ (က-၁) ပြေစာအရ ရွှေဝါလေးစပါး ၂၅၄ တင်းခွဲ ကို မုရင်းစပါးတင်း ၄၀၀ အဖြစ် တန်ဖိုးသင့်တွက်ချက်၍ မှတ်သားရာ ပိုငွေ ၄၅၂၅ဝဝ/- ကို (၂) တရားလို ဦးဝင်းမောင် က ရရှိခဲ့သည်ဟု ထွက်ဆိုသည်။ ၂၈-၁-၂၀၁၄ ရက်စွဲပါ သက်သေခံ (က-၂) အရ လယ်ကြီးစပါး တင်း ၃၀၀ ကို မုရင်းစပါး တင်း ၅၀၀ အဖြစ် တန်ဖိုးသင့် တွက်ချက်မှတ်သားရာ လိုငွေ ကျပ်၁၀၀၀၀၀ကို (၁) တရားလို ဒေါ်ခင်ကြည်က ပေးခဲ့သည် ဟု ထွက်ဆိုသည်။ ၃၁-၁-၂၀၁၄ ရက်စွဲပါ သက်သေခံ (က-၃) အရ မတ်ပဲတင်း ၁၀၀၊ သက်သေခံ (က-၄) အရ မုရင်းစပါး တင်း ၅၀၀ အပ်နှံကြောင်း နှင့် သက်သေခံ (က-၅) ၌ ဆန် ၄၄ အိတ်ဖိုးနှင့် စပါးမျိုး ပေးငွေတို့ ပေါင်းသည့် ငွေကို မုရင်းစပါး တန်ဖိုးသင့်၍ တင်း ၃၀၀ဖြင့် သတ်မှတ်ထားကြောင်း တရားလိုတို့က ထွက်ဆိုတင်ပြသည်။

အဆိုပါ ပြေစာများအရ တရားလိုများ၏ အပ်နှံမှု စုစုပေါင်း မှာ မုရင်းစပါး တင်း ၂၀၀၀ နှင့် မတ်ပဲတင်း ၁၀၀ တို့ဖြစ်သည်။ သက်သေခံ (က) မှ (က-၅) ထိ ပြေစာများသည် ၎င်းတို့ ရေးသားလက်မှတ်ထိုးပေးလိုက်သော ပြေစာများဖြစ်ကြောင်း တရားပြိုင်များက ဝန်ခံထားသဖြင့် ထိုစာရင်းများ ရှင်းလင်းပေးဆပ်ပြီးကြောင်း ၎င်းတို့က သက်သေပြရမည် ဖြစ်သည်။

တရားပြိုင်တို့က သက်သေခံ (က) ပြေစာပါ စပါးတင်း ၃၀၀၊ သက်သေခံ (က-၄) ပြေစာပါ စပါး တင်း ၅၀၀၊ သက်သေခံ (က-၅) ပြေစာပါ စပါးတင်း ၃၀၀ ၊ စုစုပေါင်း တင်း ၁၁၀၀ အတွက် ပြန်ပေးရန် ရှိကြောင်း မငြင်းကွယ်သော်လည်း ၎င်းတို့ထံမှ ယူထားသည့် ဓါတ်ဆားဖိုး နှင့် မျိုးပဲဖိုးများ ကို ခုနှိမ်လျှင် တရားလိုများထံက ၃၁၂၅၀ဝ/- ရရန် ကျန်ရှိကြောင်း ချေလွှာတွင် ဖော်ပြချေဆိုသည့်အတိုင်း (၂) တရားပြိုင် ဒေါ်ညိုညို က ထွက်ဆို တင်ပြသည်။

သက်သေခံ (က-၁) စပါး တင်း ၄၀၀ ပြေစာနှင့် (က-၂) စပါး တင်း ၅၀၀ ပြေစာတို့မှာ စာရင်းရှင်းလင်းပြီးဖြစ်၍ "ရှင်း"ဟု ရေးသားထားကြောင်း တရားပြိုင် တို့က ငြင်းကွယ် ထွက်ဆိုထားသည် ၊ "ရှင်း"ဟု ရေးသားသော စာသားသည် ပိုငွေ၊ လိုငွေအား ပြေစာ ရေးသည့်နေ့တွင်ပင် အမ်းပေးကြခြင်းကို ဖော်ပြရေးသားခြင်း ဖြစ်သည်ဟု တရားလိုတို့က တင်ပြသည်။ ထိုသို့ ပိုငွေကို ဘောက်ချာနှင့် ရှင်းလင်းပေးကြောင်း ထွက်ဆိုသည့်ပြင် သက်သေခံ (က-၁) ဘောက်ချာမှာ ပိုငွေများကို ဦးဝင်းမောင်သို့ ရှင်းပေးခဲ့ရခြင်းမျိုးသာ ဖြစ်သည်မှာ မှန်ကြောင်း (၂) တရားပြိုင် ဒေါ်ညိုညိုက ဖြေဆိုထား၍ ဘောက်ချာများ၌ "ရှင်း" ဟုရေးသားသည့် စာသားသည် ပိုငွေ လိုငွေကို ရှင်းကြစဉ် ရေးသားလေ့ရှိသော စာသားအဖြစ်လက်ခံနိုင်သဖြင့် ထိုပြေစာနှစ်ခုပါ စာရင်းများ ရှင်းလင်းပြီးကြောင်းကိုလည်း တရားပြိုင်များက သက်သေပြရန် လိုအပ်မည်ဖြစ်သည်။

တရားပြိုင်သည် မတ်ပဲတင်း ၁၀၀ အတွက် ငွေ ကျပ် ၂၅ သိန်း သတ်မှတ်ပြီး တရားလိုတို့က ၎င်းတို့ထံမှ ယူသည့်ငွေများ၊ ထွန်စက်မောင်းခပေးရန် ငွေများ၊ ရေနံဖိုး ပေးရန်ငွေများရှိကြောင်း သက်သေခံ (၁) မှ (၁-ဃ) ထိ ပြေစာများ တင်သွင်းထားသည်။

ထိုပြေစာများအရ ရရန်  ငွေအပြင် မျိုးပဲ ၈ဖ၀တင်း ယူသည့် ငွေကျပ် ၄၃ သိန်း ၊ ဓါတ်ဆား ဖိုးငွေ ၁၅၁၂၅၀၀/- တို့ ရရန် ရှိကြောင်း သက်သေခံ (၂) မှ (၂-ဂ) ထိ ပြေစာများ တင်သွင်း၍ အထောက်အထားပြုတင်ပြသည်။

စပါးနှင့်ပဲ အပ်နှံသည့်ကိစ္စမှလွဲ၍ တရားပြိုင်များနှင့် အခြား အပေးအယူ ဆောင်ရွက်မှုမျိုး မရှိကြောင်း တရားလိုဘက်က ငြင်းဆိုထားသည်။ တရားပြိုင်က ပြန်ရရန် ရှိသည့် ငွေအဖြစ် ချေလွှာ၌ ဖော်ပြချေဆိုသည့် စာရင်းသည် ရုံးရှေ့ ထွက်ဆို တင်ပြချက်များ၊ အထောက်အထားပြု တင်ပြသော စာမှတ်စာတမ်းများနှင့် ကိုက်ညီခြင်း မရှိသဖြင့် တရားပြိုင်အား ထောက်ခံသည့် သက်သေခံချက်များအဖြစ် လက်ခံစဉ်းစားနိုင်မည် မဟုတ်ပေ။

တရားပြိုင်များသည် သက်သေခံ (က) မှ (က-၅) ထိ ပြေစာပါ စပါးနှင့် ပဲ တို့ အတွက် ရှင်းလင်းပေးဆပ်ပြီးကြောင်း သက်သေပြရမည့်တာဝန်ကို ကျေပွန်လုံလောက်ခြင်း မရှိသဖြင့် ထိုပြေစာပါ အပ်နှံစပါး နှင့် ပဲတို့ အတွက် ပေးဆပ်ရမည်ဖြစ်သည်။

သက်သေခံ (က) မှ (က-၅) ထိပြေစာများအရ အပ်နှံစပါး စုစုပေါင်းမှာ တင်း ၂၀၀၀ ဖြစ်ကြောင်း သုံးသပ်ပြီး ဖြစ်သည်။ တစ်တင်းလျှင် ၅၀၀၀ နှုန်း ဖြစ်၍ တင်း ၂၀၀၀ အတွက် သင့်ငွေ ကျပ်သိန်း ၁၀၀ ကို တရားပြိုင်များက ပြန်ပေးရန် ဖြစ်သည်။ မတ်ပဲတင်း ၁၀၀ အပ်နှံသည့် သက်သေခံ (က-၃) ၌ ဈေးနှုန်းသတ်မှတ် ဖော်ပြမထားသဖြင့် တရားပြိုင်များက သဘောတူသည့် တစ်တင်းလျှင် ၂၅၀၀၀ကျပ် ကို လက်ခံစဉ်းစား၍ မတ်ပဲဖိုး ကျပ် ၂၅ သိန်းသာ တွက်ချက်သင့်ကြောင်း ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ဆုံးဖြတ်ခဲ့သည်မှာ သင့်မြတ်သဖြင့် ဤရုံးက ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိချေ။

သို့ဖြစ်၍ ဤ အယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

အယူခံတရားပြိုင်တို့၏ တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ လျှောက်ထားသော ပြန်လှန်ကန့်ကွက်လွှာကို ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ သတ်မှတ်သည်။

(အောင်ဇော်သိန်း)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး